# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

e-Newsletter

Vol.1 No.6 June


## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး Online သင်တန်းဖွင့်လှစ်ခြင်း




မေလ ၁၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး Online သင်တန်း ဖွင့်လှစ်ခြင်း အခမ်းအနားကို ၁၇-၅-၂၀၂၂ ရက်နေ့ ၁၃:၀၀ နာရီ အချိန်တွင် Video Conferencing System ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး Online သင်တန်း ဖွင့်လှစ်ခြင်း အခမ်းအနားကို ၁၇-၅-၂၀၂၂ ရက်နေ့ ၁၃:၀၀ နာရီ အချိန်တွင် Video Conferencing System ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်တို့ တက်ရောက်အမှာစကား ပြောကြားခဲ့ကြပါသည်။ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းသူ/သားများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမှာစကားပြောကြားရာ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် ထိခိုလွယ် အုပ်စုဝင်များဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများကို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများ၊ ဘေးအန္တရာယ်တစ်မျိုးမျိုးကြောင့် အတိဒုက္ခခံစားနေရ သူများအားကယ်ဆယ်ထောက်ပံ့ပေးခြင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ၊ လူကုန်ကူးခံရသူများအား လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းနိုင်ရေးအတွက် ကူညီထောက်ပံ့ခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများအပြင် လူ့အဖွဲ့အစည်းအတွင်း လူမှုရေးရာပဋိပက္ခ၊ ပြဿနာများကြောင့် ထိခိုက်ခံစားနေရာသူများအား စိတ်လူမှုပိုင်းဆိုင်ရာနှစ်သိမ့်ဆွေးနွေးပေးခြင်း၊ သက်ဆိုင်ရာဌာနများသို့ ညွှန်းပို့ချိတ်ဆက်ပေးခြင်း စသည့် လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲခြင်းလုပ်ငန်းများကိုပါ Case Manager များမွေးထုတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်သည့် ဝန်ထမ်းများအနေဖြင့် လူ့အဖွဲ့အစည်းအတွင်း အရေးအပါဆုံးအခြေခံအချက်များဖြစ်သည့် အခွင့်အရေး၊ ကျင့်ဝတ်နှင့် တာဝန်များကို ကောင်းမွန်စွာ ဆက်စပ်ယှဉ်တွဲနားလည် သဘောပေါက်ရန်လိုကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက် နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုပြဋ္ဌာန်းခဲ့သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို ထောက်ခံမှုပြုထားပြီး လူ့အခွင့်အရေး ကြေညာစာတမ်းပါအချက်များကို လိုက်နာအကောင်အထည်ဖော်ရန် တာဝန်ရှိသည်နှင့်အညီ လိုက်နာဆောင် ရွက်လျက်ရှိပါကြောင်း၊ လူ့အခွင့်အရေးနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသည့် ကွန်းဗင်းရှင်းများအနက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အနေဖြင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (UNCRC)၊ နောက်ဆက်တွဲ စာချုပ်များဖြစ်သည့် လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ် (OPAC)၊ ကလေးသူငယ်များအား ရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခြင်းနှင့် ညစ်ညမ်းရုပ်ပုံများဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ်(OPSC)၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေးဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်း (UNCEDAW)၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCRPD) များတွင် Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိကြောင်း၊ ယခုသင်တန်းတွင် ဆွေးနွေးပို့ချသွားမည့် အကြောင်းအရာများ၊ အသိပညာ၊ ဗဟုသုတများသည် ဝန်ကြီးဌာနမှ ဝန်ထမ်းများ လုပ်ငန်းတာဝန်ထမ်းဆောင်မှု လက်တွေ့နယ်ပယ်၌ အကျိုးရှိစွာ အသုံးပြုနိုင်မည် ဖြစ်ကြောင်း၊ လေ့လာမှတ်သား အသုံးချပြီး နိုင်ငံတော်ကို အကျိုးပြုနိုင်သည့် ဝန်ထမ်းကောင်းများ ဖြစ်ကြပါစေကြောင်း ဆန္ဒပြုတိုက်တွန်း ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်က အမှာစကား ပြောကြားရာ၌ လူ့အခွင့်အရေး အသိပညာ ဗဟုသုတ တိုးပွားရေးဆောင်ရွက်ရာတွင် လူ့အခွင့်အရေး နယ်ပယ်မှ အရေးကြီးသည့် အုပ်စုလိုက် အခွင့်အရေးများကို နိုင်ငံတော်အဆင့်တွင် အဓိကတာဝန် ယူဆောင်ရွက်နေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေချထားရေး ဝန်ကြီးဌာနကို ဦးစားပေး၍ သင်တန်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးခြင်းသည် ကရုဏာတရားရှိသော လူအဖွဲ့အစည်း ဖြစ်သည်ကို ထင်ရှားစေသည့် ပြယုဂ်ဖြစ်ပါကြောင်း၊ ကမ္ဘာ့မျက်မှောက်ရေးရာများတွင် လူ့အခွင့်အရေး၏ အခန်းကဏ္ဍကိုသိရှိပြီး နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့်များ၌ ဖြစ်ပေါ်တိုးတက်မှုများကို မှန်မှန်ကန်ကန် ချင့်ချိန်သုံးသပ်၍ လေ့လာမှုများပြုလုပ်သွားရန် တိုက်တွန်းလိုပါကြောင်း တို့ ပြောကြားခဲ့ပါသည်။

လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး Online သင်တန်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ အရာထမ်း စုစုပေါင်း (၃၀) ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ (၃) ရက် ကြာမြင့်မည်ဖြစ်ကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များအနက် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ အုပ်စု

လိုက်အခွင့်အရေးများ၊ အဓိက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီး (၉) ခုနှင့် မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးထားသော စာချုပ်များ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရား၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် ဘာသာရပ် (၆) ခု အား ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် အခြားဝန်ကြီးဌာနများသို့လည်း အလားတူ လူ့အခွင့်အရေး အသိပညာပေးသင်တန်းများ ထပ်မံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန် ရှိကြောင်း သိရသည်။

---

## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများကျင်းပ




မေလ ၂၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၅/ ၂၀၂၂) ကို ၂၆-၅-၂၀၂၂ ရက်နေ့တွင် Video Conferencing System ဖြင့် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များက တင်ပြဆွေးနွေးခဲ့ကြပါသည်။

ကော်မရှင်၏ ၂၀၂၂ခုနှစ်၊ မေလအတွက် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၂) ကို ၄-၅-၂၀၂၂ ရက်နေ့တွင်ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဦးပေါ်လွင်စိန်၊ ဦးကျော်စိုးနှင့် ဦးတင်အောင် အထူးဖိတ်ကြားခံရသည့် ကော်မရှင်အဖွဲ့ဝင် (ဘဏ္ဍာ) ဦးကျော်မြင့်၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

# ဝန်ထမ်းများ၏ ဌာနလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ဌာနအလိုက်လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းခြင်း ပြိုင်ပွဲပြုလုပ်

မေလ ၃၁ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ အရာထမ်း/အမှုထမ်းများ၏ လုပ်ငန်း စွမ်းဆောင်ရည မြင့်မားရေးကို ရည်ရွယ်လျက် ဌာနများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းခြင်းပြိုင်ပွဲကို ကော်မရှင်ရုံး Conference Room တွင် ၂၀၂၂ခုနှစ်၊ မေလ ၃၁ ရက်နေ့ ၁၃:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်းများ Video Conferencing ဖြင့် တက်ရောက်ခဲ့ကြပါသည်။

ပြိုင်ပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုလို ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြခြင်းပြိုင်ပွဲ ကျင်းပပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရသည့် လုပ်ငန်းများတွင် ဝန်ထမ်းများ အင်္ဂလိပ်စာတက်မြောက်မှု အရည်အသွေး မြင့်မား လာစေရေးကို အဓိကထားဆောင်ရွက်ရခြင်းဖြစ်ပြီး ကော်မရှင်ရုံးမှ အင်္ဂလိပ်စာသင်တန်းကို ဖွင့်လှစ်ပေးခဲ့ပြီး သင်ကြားပြီးစာများ မမေ့မလျော့ရေးအတွက် ပြိုင်ပွဲအား အင်္ဂလိပ်ဘာသာဖြင့် ပြိုင်ပွဲယှဉ်ပြိုင် စေခြင်းဖြစ်ကြောင်း၊ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ တင်ပြခြင်းပြိုင်ပွဲကို တစ်လလျှင် ဌာန(၂)ခုမှ ယှဉ်ပြိုင်ခြင်းပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားပါသည်။ဌာနလုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြရန် အလှည့်ကျသည့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာနမှ စာကြည့်တိုက်မှူး ဦးစောဟယ်ရီဆယ် နှင့် ဒုတိယ



လူ့အခွင့်အရေးဦးစီးမှူး ဒေါ်အေးအေးအောင် တို့ကလည်းကောင်း၊ လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်ရေးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းရတနာအောင် နှင့် အငယ်တန်းစာရေး ဒေါ်ဆုယမင်းအောင်တို့ကလည်းကောင်း အသီးသီးပါဝင် ယှဉ်ပြိုင်ကြပြီး ဌာန(၆)ခုမှ ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများက အမှတ်ပေးခဲ့ကြပြီး ပြိုင်ပွဲအား ၁၄:၂၀ နာရီအချိန်တွင် ပြီးဆုံးခဲ့ပါသည်။



# ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း



မေလ ၁၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွှန်းသည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော ဝန်ထမ်းအဖွဲ့အစည်းဒုတိယအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၉) ၌ ၁၂-၅-၂၀၂၂ ရက်နေ့၊ ၀၈:၀၀ နာရီအချိန်မှ ၁၅:၅၅ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွှန်းက လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်ရေးကြေညာစာတမ်း၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ နိုင်ငံတော်နှင့် ပြည်သူ့တာဝန်၊ ကုလသမဂ္ဂလူ့အခွင့် အရေးယန္တရား၊ ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် စသည့်ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်းသင်တန်းသားဦးရေ (၂၂) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွှန်းက ပြန်လည်ဖြေကြားခဲ့ပါသည်။

---

**" The evolution of the human rights movement clearly illustrates humanity's ongoing struggle toward creating a better world."**

**" လူ့အခွင့်အရေးလှုပ်ရှားမှု၏ ဆင့်ကဲပြောင်းလဲမှုသည် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို ဖန်တီးရေးဆီသို့ ဦးတည်သော လူသားမျိုးနွယ်၏ ရုန်းကန်နေရဆဲ အနေအထားကို ရှင်းရှင်းလင်းလင်း သရုပ်ဖော်လျက်ရှိသည်။ "**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ညောင်ဦးမြို့ရှိ အကျဉ်းထောင်၊ ညောင်ဦးမြို့မနှင့် ပုဂံနယ်မြေ ရဲစခန်း၊ အချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း



မေလ ၂ ရက်

၁။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂-၅-၂၀၂၂ ရက်နေ့တွင် ညောင်ဦးမြို့ရှိ အကျဉ်းထောင်၊ ညောင်ဦးမြို့မနှင့် ပုဂံနယ်မြေရဲစခန်း အချုပ်ခန်းတို့ကို သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ အကျဉ်းထောင်နှင့် ရဲစခန်း အချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေ လုပ်ထုံးလုပ်နည်း ထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသား/အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည့် အကြံပြုချက်များ အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ် ဆေးခဲ့ပါသည်။

၃။ အကျဉ်းထောင်အား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ၏ အိပ်ဆောင်များ၊ ထောင်တွင်းဆေးခန်း၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သောက်ရေနှင့်သုံးရေကန်များ၊ မိလ္လာများ သန့်ရှင်းမှု ရှိ မရှိကို လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေး ခဲ့ပါသည်။


၄။ အကျဉ်းထောင်ရှိ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများအတွက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း မြန်မာပြန်စာသားများ ပါရှိသော မှတ်စုစာအုပ်(၃၀၀)အုပ်နှင့် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ (၂၀၀) အုပ်တို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ



အကျဉ်းထောင်တာဝန်ခံမှ လက်ခံရယူခဲ့ပါသည်။

၅။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ် သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တောင်ကြီးခရိုင်အတွင်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စိုက်/မွေးစခန်းများနှင့် တောင်ကြီးမြို့မနှင့် နယ်မြေရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း



မေလ ၁၂ ရက်

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၉-၅-၂၀၂၂ ရက်နေ့နှင့် ၁၀-၅-၂၀၂၂ ရက်နေ့များတွင် တောင်ကြီးမြို့နယ်ရှိ တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းနှင့် ညောင်ရွှေအကျဉ်းထောင်ကို လည်းကောင်း၊ ၁၁-၅-၂၀၂၂ ရက်နေ့တွင် ရပ်စောက်မြို့နယ်ရှိ ဘန်းကန်နှင့်ထီးခမ်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများကို လည်းကောင်း၊ ၁၂-၅-၂၀၂၂ ရက်နေ့တွင် တောင်ကြီးမြို့ပေါ်ရှိ မြို့မရဲစခန်းအချုပ်ခန်း၊ နယ်မြေရဲစခန်းအချုပ်ခန်းနှင့် တောင်ကြီးအချုပ်ထောင်တို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ အကျဉ်းထောင်၊ အချုပ်ထောင်နှင့် ရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အကျဉ်းသား/အချုပ်သားများ ကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသား/အချုပ်သားတစ်ဦး၏ အနိမ့်ဆုံး ရရှိမည့်အခွင့်အရေး ဖြစ်သော နေထိုင်စားသောက်မှု အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ ထောင်ဝင်စာ ပစ္စည်း စုံလင်စွာ ရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါ သည်။

၃။ အကျဉ်းထောင်၊ အချုပ်ထောင်နှင့် စိုက်/ မွေးစခန်းများအား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူ များ၏ အိပ်ဆောင်များ၊ ထောင်တွင်းဆေးခန်း၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သောက်ရေနှင့်သုံးရေကန်များ၊ မိလ္လာများ သန့်ရှင်းမှု ရှိ မရှိကို လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၄။ အကျဉ်းထောင်၊ အချုပ်ထောင်နှင့် စိုက်/မွေးစခန်းများရှိ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများအတွက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းမြန်မာပြန်စာသားများ ပါရှိသော မှတ်စုစာအုပ်များနှင့် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ (၇၀၀) အုပ်တို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ တာဝန်ခံ အရာရှိများမှ လက်ခံရယူခဲ့ပါသည်။





၅။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း မျက်မမြင်လက်စမ်းစာအုပ် (Braille)ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် အမြင်အာရုံမသန်စွမ်းသူများ လူ့အခွင့်အရေး အသိပညာ တိုးပွားလာစေရန် ရည်ရွယ်လျက် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ မျက်မမြင် လက်စမ်းဘာသာ နည်းပညာကို အသုံးပြု၍ (Universal Declaration of Human Rights) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Braille) မျက်မမြင်လက်စမ်းဘာသာစာအုပ် အုပ်ရေ (၂၀၀) အား ၂၄-၃-၂၀၂၂ ရက်နေ့တွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် အမြင်အာရုံမသန်စွမ်းသူများ လူ့အခွင့်အရေး အသိပညာ တိုးပွားလာစေရန် ရည်ရွယ်လျက် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ မျက်မမြင်လက်စမ်းဘာသာ နည်းပညာကို အသုံးပြု၍ (Universal Declaration of Human Rights) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Braille) မျက်မမြင်လက်စမ်းဘာသာစာအုပ် အုပ်ရေ (၂၀၀) အား ၂၄-၃-၂၀၂၂ ရက်နေ့တွင် ပုံနှိပ်ထုတ်ဝေခဲ့ပြီး အဆိုပါ ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း မျက်မမြင်လက်စမ်းဘာသာ (Braille) စာအုပ်များကို အစိုးရ မျက်မမြင်ကျောင်း (၂) ကျောင်း၊ ပုဂ္ဂလိကမျက်မမြင်ကျောင်း (၈) ကျောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ကော်မရှင်ရုံးချုပ် (စာကြည့်တိုက်)နှင့် ကော်မရှင်ရုံးခွဲ (၄) ခု ဖြစ်သည့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်ရုံးခွဲများသို့ ၂၂-၄-၂၀၂၂ ရက်နေ့တွင် ပေးပို့ဖြန့်ချိခဲ့ပါသည်။



## ၂၀၂၂ ခုနှစ်၊ တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

၂၀၂၂ နှစ်၊ ဧပြီလတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနမှ တိုင်တန်းချက် (၁၀) စောင် လက်ခံရရှိခဲ့ရာ မတ်လ လက်ကျန်တိုင်စာ (၅) စောင်နှင့် တိုင်တန်းချက် စုစုပေါင်း (၁၅) စောင်ကို စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းအဝေး ( ၃ ) ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး စိစစ်ခဲ့ရာ အောက်ပါ အတိုင်း ဆုံးဖြတ်ခဲ့ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | သက်ဆိုင်ရာဌာနများသို့ ပေးပို့ခြင်း | - | ၁ | စောင် |
| (ခ) | မှတ်တမ်းထားရှိမှု | - | ၁၁ | စောင် |
| (ဂ) | လက်ကျန်တိုင်တန်းချက် | - | ၃ | စောင် |

ကော်မရှင်ဥပဒေပုဒ်မ ၃၇ (က)၊ ၃၇(ခ) အရ လည်းကောင်း၊ အချက်အလက်မပြည့်စုံ၍ တိုင်စာအင်္ဂါရပ်နှင့် မညီ၍လည်းကောင်း၊ ကော်မရှင်မှ ဆောင်ရွက်ပြီးဖြစ်၍လည်းကောင်း၊ ကော်မရှင် ဥပဒေ ပုဒ်မ ၃၂ (ခ) အရ လုပ်ပိုင်ခွင့်အတွင်း မကျရောက်၍ လည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရ တိုင်တန်းသူအတွက် ပိုမိုသင့်လျော်သော နည်းလမ်းဖြင့် ကုစားနိုင်၍လည်းကောင်း၊ စုစုပေါင်း တိုင်တန်းချက် (၁၁) စောင်အား မှတ်တမ်းထားရှိခဲ့ပါသည်။

---

### မမေ့နဲ့နော်

ရာစုဆယ့်ကိုး၊ တိုးလေးဆယ့်ရှစ်
ဒီလတစ်ဆယ်၊ ကြေညာတယ်ဟု
ကုလတည်ပြု၊ ထုတ်ပြန်စုသည်
မူတည်သုံးဆယ်၊ ဖြစ်တယ်ကွယ်။
သိက္ခာခွင့်ရေး၊ မွေးကတန်းတူ
ကျား မ ဖြူ မဲ၊ လူမျိုး ပိန်ဝ
ကြီး ငယ်မဟူ၊ ခွင့်ရေးတူသည်
မျှော်ရည်ထုတ်ပြန်၊ စစ်မှန်ပြည့်ဝ
ခွင့်ရေးလှသည်၊ ညီမျှတူညီ
ရှိသည်သမိုင်း၊ လူတိုင်းတွက်ရည်
ယူ ဒီ အိတ်ချ် အာ၊ ဖြစ်တယ်ကွယ်။
နိုပ်စက်ကျွန်ပြု၊ ကာကွယ်မှုရ
လူမှုခွင့်ရေး၊ ကာကွယ်ပေးသည်
မနေးသိကြ၊ ဝေမျှပါသည်
ဤစာသည်ကား၊ လူသားသတိ
နိတိသဘော၊ သိစေစေ၏
သတိစေ့ဆော်၊ မမေ့နဲ့နော်။

ငြိမ်း

# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်း များနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်း အစည်းအဝေးကျင်းပ




မေလ ၂၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်း အစည်းအဝေးကို ၂၃-၅-၂၀၂၂ ရက်နေ့တွင် Video Conferencing System ဖြင့် ကျင်းပခဲ့ရာ ကော်မရှင်မှ ထုတ်ပြန်ထားသော လုပ်ထုံး လုပ်နည်းများ ပြင်ဆင်နိုင်ရေးအဖွဲ့ အဖွဲ့ဝင်များ ဖြစ်ကြသော ဒေါ်နုနုယဉ်၊ ဒေါက်တာသန်းမြင့်၊ ဦးကျော်မြင့်၊ ဒေါက်တာမြင့်သူမြိုင်၊ လုပ်ထုံးလုပ်နည်း ပြင်ဆင်ရေးဆွဲရေးအဖွဲ့၏ အထောက်အကူပြုဆပ်ကော်မတီအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင်များက ဆွေးနွေးခဲ့ကြပါသည်။”

---

# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ရုံးဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲကျင်းပ

မေလ ၂၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ အရာထမ်း/အမှုထမ်းများ၏ ဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်ရှိ ကော်မရှင်ရုံး Conference Room တွင် ၂၀၂၂ခုနှစ်၊ မေလ ၂၇ ရက်နေ့ ၁၃:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ပါသည်။



အဆိုပါ ဆန္ဒဖော် ထုတ်ပွဲသို့ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်၍ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများ၊ အရာထမ်း/အမှုထမ်းများ၊ ရုံးခွဲအသီးသီးမှ အရာထမ်း /

အမှုထမ်းများ တက်ရောက်ကြပါသည်။

အခမ်းအနားအစီအစဉ်အရ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်က အဖွင့်အမှာစကား ပြောကြားရာတွင် ကော်မရှင်ရုံးချုပ်မှ တက်ရောက်လာကြသည့် ရုံးဝန်ထမ်းများ၊ video Conferencing စနစ်ဖြင့် တက်ရောက်ကြသည့် ကော်မရှင်ရုံးခွဲများမှ အရာထမ်း/အမှုထမ်းများအား ဆန္ဒဖော်ထုတ်ပွဲ ကျင်းပရခြင်း၏ အကြောင်းရင်းများကို ရှင်းလင်းပြောကြားပြီး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က ကော်မရှင်ရုံးဝန်ထမ်းများ၏ မော်တော်ယာဉ် ကြို / ပို့ လက်ရှိအခက် အခဲများကို ရှင်းလင်းပြောကြားပါသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ဌာနတစ်ခုချင်းအလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရန် ပြောကြားပါသည်။ ထို့နောက် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာန၊ ဥပဒေရေးရာဌာန၊ နိုင်ငံတကာဆက်ဆံရေးဌာန၊စီမံရေးရာဌာနနှင့်e-Government ဌာန၊ နေပြည်တော်ရုံးခွဲ၊ မန္တလေးရုံးခွဲနှင့် စစ်တွေရုံးခွဲများမှ တင်ပြကြပြီး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ဖြေဆည်းဆောင်ရွက်ပေးခဲ့ပါသည်။ ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်ကနိဂုံးချုပ် အမှာစကားပြောကြားပြီး ဆန္ဒဖော်ထုတ်ပွဲအား၁၅:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပြီး အခမ်းအနားသို့ ကော်မရှင်ရုံးမှ အရာထမ်း/အမှုထမ်း (၆၈) ဦးတက်ရောက်ခဲ့ပါသည်။

---

## ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း



မေလ ၁၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းသည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၁၀) ၌ ၁၁-၅-၂၀၂၂ ရက်နေ့၊ ၀၈:၀၀ နာရီအချိန်မှ ၁၅:၅၅ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ များသွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ကော်မရှင်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်းက လူ့အခွင့်အရေးဆိုင်ရာ အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ နိုင်ငံတော်နှင့် ပြည်သူ့တာဝန်၊ ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရား၊ကမ္ဘာ့နိုင်ငံများ၏လူ့အခွင့်အရေး အခြေအနေများကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် စသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်းသင်တန်းသား ဦးရေ (၄၁) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ပြန်လည်ဖြေကြားခဲ့ပါသည်။

# ENGLISH SECTION

## MNHRC Gives Human Rights Lecture at Central Institute of Civil Services (Upper Myanmar)



May 12

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Dr. Nanda Hmun, Vice-Chair of the Commission gave lectures on human rights at the Management Course for Executive Level Officials (No.9) held at the Central Institute of Civil Services (Upper Myanmar ) on 12 May 2022 from 08:00 am to 03:55 pm.

In doing so, the Vice-Chair Dr. Nanda Hmun gave the lectures on Human Rights Concept, Universal Declaration of Human Rights, Myanmar National Human Rights Commission and its Activities, State Obligations and Public Responsibilities, the United Nations Human Rights Mechanism and Universal Periodic Review. After that the lecturer answered the questions asked by the trainees. A total of (22) deputy directors general from the departments and organizations attended the above-mentioned course.

# MNHRC Gives Human Rights Lecture at Central Institute of Civil Services (Upper Myanmar)

May 11

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Deputy Director General Dr. Khine Khine Win gave lectures on human rights at the Management Course for Senior Level Officials (No.10) held at the Central Institute of Civil Services (Upper Myanmar) on 11 May 2022 from 08:00 am to 03:55 pm.

In doing so, Deputy Director General Dr. Khine Khine Win gave the lectures on Human Rights Concept, Universal Declaration of Human Rights, Myanmar National Human Rights Commission and its Activities, State Obligations and Public Responsibilities, the United Nations Human Rights Mechanism and Universal Periodic Review. After that the lecturer answered the questions asked by the trainees. A total of (41) directors from the departments attended the above–mentioned course.



# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်။

ဖုန်း– ၀၁၆၅၄၆၇၀

website: https://mnhrc.org.mm
facebook: www.facebook.com/myanmar

**နေပြည်တော် (ရုံးခွဲ)**

သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇဗ္ဗူသီရိမြို့နယ်။

ဖုန်း – ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**

ဦးပိုင်အမှတ် ၃၅ (က၊ဃ)၊ ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့။

ဖုန်း – ၀၉၅၃၄၃၆၅၀

**ရခိုင်ပြည်နယ် (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။

ဖုန်း –၀၉၄၂၅၈၆၀၀၀၈

*မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး*
*e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။*
*e-government@mnhrc.org.mm*